# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 13 , 2023 Volume 62, Number 9


၁၃.၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၉၄ US$ |
| မြန်မာ့ရွှေဈေး | = ၂၈၃၀၀၀၀ |
| ဒေါ်လာဈေး | = ၂၈၇၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၇.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၉.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၇၀.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၆၆.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၁၂.၆၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၈၁၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၉.၇၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၄.၃၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၇၀၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပြည်တွင်းသာမက ပြည်ပဈေးကွက်အထိပါ မှာယူမှုများပြားနေသည့် မက္ကဒေးမီးယားနှစ်ရှည်သီးနှံ စိုက်ပျိုးမှုများပြားလာ



Source: ကြေးမုံသတင်းစာ

ပြည်တွင်း၌သာမက ပြည်ပဈေးကွက်အထိပါ မှာယူမှုများပြားနေသည့် မက္ကဒေးမီးယားနှစ်ရှည်သီးနှံ စိုက်ပျိုးမှုများပြားလာရာ နိုင်ငံတစ်ဝန်းဒေသအချို့တွင် ယခုဘဏ္ဍာနှစ်အထိ ဧကပေါင်း ၁၂၀၀၀ ကျော် စိုက်ပျိုးလျက်ရှိကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MFVP) မှ သိရသည်။

မက္ကဒေးမီးယားသီးနှံ၏ မူရင်းဒေသမှာ ဩစတြေးလျနိုင်ငံဖြစ်ပြီး အပင်မှာ အပင်လတ်၊ အပင်ကြီးများဖြစ်ကာ အမြဲစိမ်းသစ်တောပင်ဖြစ်၍ နှစ်ရှည်ပင်အမျိုးအစားဖြစ်သည်။ အရွယ်ရောက်ပြီးအပင်သည် အမြင့်ပေ ၆၀ နှင့်အထက်ရှိပြီး အကျယ်ပေ ၄၀ ခန့်အထိ ဘေးကိုင်းများဖြာထွက်သည်။

မက္ကဒေးမီးယားအစေ့ဆန် ၁၀၀ ဂရမ်လျှင် အင်အားဖြစ်စေသော ကယ်လိုရီ ၆၉၁ ပါဝင်ပြီး ရေဓာတ်သုံးရာခိုင်နှုန်း၊ ပရိုတင်းရှစ်ရာခိုင်နှုန်း၊ အဆီဓာတ် ၇၁ ရာခိုင်နှုန်း၊ ကာဗွန်ဟိုက်ဒရိတ် ၁၆ ရာခိုင်နှုန်း၊ အမျှင်ဓာတ် ၂ ဒသမ ၅ ရာခိုင်နှုန်း၊ ပြာဓာတ် ၂ ရာခိုင်နှုန်းနှင့် ထုံးဓာတ်၊ ဖော့စဖိတ်ဓာတ်၊ သံဓာတ်၊ ပိုတယ်ဆီယမ်ဓာတ်အနည်းငယ်စီပါဝင်ကာ သိုင်ရာမင်း၊ ရိုင်ဗိုဖလေဗင်နှင့် နိုင်ရာဆင်ဓာတ်များပါဝင်ကြောင်း သိရသည်။

"မက္ကဒေးမီးယားသီးနှံဟာဆိုရင် ဥရောပနိုင်ငံတွေမှာ ဈေးကွက်ချိတ်ဆက်မှုအများကြီးရတယ်ဆိုပေမယ့် ကျွန်တော်တို့ဆီမှာ နည်းပညာတော့ လိုအပ်နေသေးပါတယ်။ ကျွန်တော်တို့နိုင်ငံသီးနှံနဲ့သူတို့နိုင်ငံကသီးနှံ ယှဉ်လိုက်မယ်ဆိုလို့ရှိရင် အခြမ်းလေးက နှစ်ခြမ်းပဲ၊ အလုံးလေးတွေကလည်း ညီနေတယ်။ ကျွန်တော်တို့ဆီမှာက ပဲစေ့၊ နှမ်းစေ့လောက်ကလေးကနေစပြီးတော့မှ အကြီးကြီးထိ မညီမညာနဲ့ရှိတာပါ။ တကယ်တမ်းက Export လုပ်ဖို့ ရည်ရွယ်တယ်ဆိုလို့ရှိရင် ထွက်တာကတော့အသီးက ညီတယ်လို့ပြောလို့မရဘူး။ ဒါတွေကို ပြန်လုပ်ရမှာပါ။ စားကြည့်ရင်တော့ အရသာကရှိတယ်။ ဝယ်လက်တွေကလည်း ကုတ်ဒေးရှင်းပို့ပေးပါဆိုပြီးတော့ ပြောတာတွေရှိတယ်" ဟု မြန်နိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MFVP) ဒုတိယဥက္ကဋ္ဌ ဦးကျော်သူကရှင်းပြသည်။

မက္ကဒေးမီးယားနှစ်ရှည်သီးနှံမှာ အသီးမှတစ်ဆင့် အစေ့အဆန်ထုတ်ယူရသည့်အပင်မျိုးဖြစ်ပြီး လူသိနည်းကာ ဝင်ငွေကောင်းမွန်၍ ကျန်းမာရေးအတွက် အကျိုးပြုသည့်သီးနှံမျိုးသစ်ဖြစ်ကြောင်း၊ လက်ရှိပြည်တွင်း၌ ရေမြေဒေသနှင့် သင့်လျော်သည့်ဒေသများတွင် တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**Source: ကြေးမုံသတင်းစာ**

## ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်အတွင်း ဝါးဖြင့်ပြုလုပ်ထားသည့် မီးအိမ်ကလေးများ ဝင်ရောက်လာ



Source: ရတနာပုံသတင်းစာ

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်အတွင်း ပဲခူးတိုင်းဒေသကြီး မဇင်းရပ်ကွက်မှ ဝါးဖြင့်ပြုလုပ်ထားသည့် မီးအိမ်ကလေးများ ဝင်ရောက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ယမင်းရွှေစင် အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင် မန်နေးဂျင်းဒါရိုက်တာ ဒေါ်ယမင်းရွှေစင်က ပြောပြ၍သိရသည်။

လက်ရှိဈေးကွက်အတွင်း ဝင်ရောက်လာသည့် မီးအိမ်ကလေးများမှာ လေးထောင့်နှင့်အဝိုင်း ပုံစံနှစ်မျိုးဖြင့် ရောက်ရှိလာခြင်းဖြစ်ပြီး စားသောက်ဆိုင်ကြီးများ၊ ဟိုတယ်များအပြင် နေအိမ်များတွင် အလှထားရန်အတွက် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် ဒီဇိုင်းတစ်မျိုးလျှင် အရေအတွက် ၂၀၀ ခန့် ဝင်ရောက်ထားကြောင်း သိရသည်။

"ဒီဇန်နဝါရီလ ဒုတိယပတ်ထဲမှာ ဈေးကွက်ထဲကို ဝင်လာတာဖြစ်ပါတယ်။ မီးအိမ်ကလေးတွေက ဒီဇိုင်းနှစ်မျိုးနဲ့ ဝင်လာတာဖြစ်ပါတယ်။ သူက ဟိုတယ်၊ စားသောက်ဆိုင်နဲ့ နေအိမ်တွေမှာ နံရံနဲ့မျက်နှာကြက်အလှဆင်ဖို့အတွက် ရည်ရွယ်ပြီးတော့ ပြုလုပ်ထားတာဖြစ်ပါတယ်။ ဈေးကွက်မိတ်ဆက်အနေနဲ့ ရောင်းချထားမှုကတော့ အခု ၃၀ လောက် ရောင်းချပြီးပါပြီ။ လေးထောင့်ကို ပိုကြိုက်ကြပါတယ်" ဟု ယမင်းရွှေစင် အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင် မန်နေးဂျင်းဒါရိုက်တာ ဒေါ်ယမင်းရွှေစင်က ပြောပြသည်။

အဆိုပါ မီးအိမ်ကလေးများမှာ အရွယ်အစားအားဖြင့် အမြင့်ခြောက်လက်မ၊ အလျားသုံးလက်မရှိပြီး တစ်ခုလျှင် ငွေကျပ် ၁၉၀၀၀ ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင်( ၅-၁-၂၀၂၃ မှ ၁၂-၁-၂၀၂၃ ) အတွင်းဖြစ်ပေါ်ခဲ့သော ကုန်စည်ဈေးနှုန်းများ

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် အာလူး (တစ်ပိဿာ) ဈေးနှုန်း များမှာ အောင်ပန်း A1 ကျပ် ၁၇၀၀၊ အောင်ပန်း OK ကျပ် ၁၈၅၀၊ အောင်ပန်း S1 ကျပ် ၁၉၀၀၊ အောင်ပန်း S2 ကျပ် ၂၀၅၀ နှင့် တရုတ်(သစ်) ကျပ် ၂၀၀၀ အသီးသီး ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တရုတ်အာလူး(သစ်)ကျပ် ၁၅၀၊ အောင်ပန်း A1 ကျပ် ၅၀ နှင့် အောင်ပန်း OK ကျပ် ၅၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများမှာဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ အာလူးကားစီးရေ ၅၆စီး (၃၃၆၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် အာလူးကားစီးရေ ၅၃ စီး ( ၃၁၈၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၃ စီး (၁၈၀၀၀ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ မြစ်သားမြို့နှင့်မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ မြစ်သားရှယ်(သစ်) ကျပ် ၂၆၅၀ ၊ မြစ်သားလတ်ကြီး ကျပ် ၂၆၀၀ ၊ မြစ်သားလတ်သန့် ကျပ် ၂၅၀၀ ၊ မြစ်သားလတ်ချော ကျပ် ၂၃၀၀၊ မြင်းခြံရှယ်(သစ်) ကျပ် ၂၄၅၀၊ မြင်းခြံလတ်ကြီး ကျပ် ၂၄၀၀၊ မြင်းခြံလတ်သန့် ကျပ် ၂၃၀၀ နှင့် မြင်းခြံလတ်ချော

ကျပ် ၁၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မြစ်သားရှယ်(သစ်) ကျပ် ၄၅၀ ၊ မြစ်သားလတ်ကြီး ကျပ် ၃၀၀ ၊ မြစ်သားလတ်သန့် ကျပ် ၂၀၀ ၊မြစ်သားလတ်ချော ကျပ်၂၀၀ ၊ မြင်းခြံရှယ်(သစ်) ကျပ် ၄၅၀၊ မြင်းခြံလတ်ကြီး ကျပ် ၄၅၀ ၊ မြင်းခြံလတ်သန့် ကျပ် ၃၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၁၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၈၅စီး (၁၁၁၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၂၁၅စီး (၁၂၉၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီကားစီးရေ ၃၀ စီး(၁၈၀၀၀၀ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၃၆၀၀၊ အောင်ပန်းထူး-၂ ကျပ် ၄၀၀၀၊ အောင်ပန်း ထူး-၃ ကျပ် ၄၆၀၀၊ အောင်ပန်း ထူး-၄ ကျပ် ၄၈၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၅၁၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၃၀၀၊အောင်ပန်း ထူး-၂ ကျပ် ၉၀၀၊ အောင်ပန်းထူး-၃ ကျပ် ၉၀၀၊ အောင်ပန်း ထူး-၄ ကျပ် ၁၁၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၁၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၁၉၀၀ အိတ် (၅၇၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၂၉၀၀ အိတ် ( ၈၇၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၁၀၀၀ ( ၃၀၀၀၀ ပိဿာ ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**Source: Domestic(Ygn) MITC**

## ကိုရီးယားကော်ဖီတင်သွင်းမှု ၂၀၂၃ ခုနှစ်တွင် ၄၅ ဒသမ ၁ ရာခိုင်နှုန်းခုန်တက်



https://www.foodindustrydirectory.com.mm

ကိုရီးယားတွင် ကော်ဖီသောက်သုံးမှု ကြီးထွားလျက်ရှိသည်။ ကိုရီးယား၏ ကော်ဖီတင်သွင်းမှုသည် ၂၀၂၂ ခုနှစ် ပထမ ၁၁ လအတွင်း ယခင်နှစ်အလားတူကာလထက် ၄၅.၁% နီးပါး မြင့်တက်လာခဲ့သည်။

ဇန်နဝါရီမှနိုဝင်ဘာလအတွင်း ကိုရီးယားနိုင်ငံ၏ ကော်ဖီတင်သွင်းမှုတန်ဖိုးသည် ဒေါ်လာ ၁.၁၉ ဘီလီယံအထိရှိလာကြောင်း ကိုရီးယားအကောက်ခွန်ဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအရသိရသည်။

ကိုရီးယား၏ နှစ်စဉ်ကော်ဖီတင်သွင်းမှု ကန်ဒေါ်လာ ၁ ဘီလီယံကျော်သွားသည်မှာ ၂၀၂၂ ခုနှစ်သည် ပထမဆုံးအကြိမ်ဖြစ်သည်။ ၂၀၂၁ ခုနှစ်က ကော်ဖီတင်သွင်းမှုပမာဏသည် လွန်ခဲ့သည့် နှစ် ၂၀ ထက် ၁၆ ဒသမ ၇ ဆ တိုးမြင့်ခဲ့သည်။ တန်ချိန်ပမာဏအရ ကိုရီးယားနိုင်ငံမှ ကော်ဖီတင်သွင်းမှုသည် ၎င်း ၁၁ လတာ ကာလအတွင်း တန်ချိန် ၁၈၇,၇၉၀ ခန့်ရှိခဲ့သည်။ ၂၀၂၁ တွင် တန်ချိန် ၁၇၁,၉၉၀ တင်သွင်းခဲ့သည်။

ကိုရီးယားကော်ဖီတင်သွင်းမှုသည် ၂၀၁၈ ခုနှစ်မှစတင်ကာ ဆက်တိုက်မြင့်တက်လာခဲ့ပြီး ကိုးရီးယားတွင် ကော်ဖီသောက်သုံးမှုလည်း ပိုများလာခဲ့သည်။ အာရှ၏ စတုတ္ထအကြီးဆုံး နိုင်ငံစီးပွားရေးဖြစ်သော တောင်ကိုရီးယားတွင် ကော်ဖီသောက်သုံးမှု ပိုများလာသည်နှင့်အမျှ ကော်ဖီဆိုင်များလည်း ပိုများလာသည်။ ကော်ဖီဆိုင်အရေအတွက် လျှင်မြန်စွာတိုးလာသည်။

၂၀၂၂ ဒီဇင်ဘာလကုန်တွင် ကော်ဖီဆိုင် စုစုပေါင်း ၉၉,၀၀၀ ဝန်းကျင်အထိရှိလာသည်။ ယမန်နှစ်ထက် ၁၇.၄% ပိုများသည်။ လွန်ခဲ့သည့် ၄ နှစ်တုန်းကထက် ၁၀၂.၁% ပိုများလာသည်။ ကော်ဖီဆိုင် ၅၀,၀၀၀ ဝန်းကျင် တိုးသွားခြင်းဖြစ်သည်။ အနောက်တိုင်း အစားအစာစားသောက်ဆိုင်၊ ဂျပန်စားသောက်ဆိုင်၊ ကြက်ကြော်စားသောက်ဆိုင်၊ အမြန်ရ စားသောက်ဆိုင်ခွဲများစသည့်တို့ တိုးသည့်အရေအတွက်ထက် ကော်ဖီဆိုင် တိုးသည့်အရေအတွက်က ပိုများခဲ့ပါသည်။

**Source: Yonhap**

https://www.foodindustrydirectory.com.mm/food-industry/cuisine/korea/item/5614-korea-s-coffee-imports-jump.html

## ကိုရီးယားပင်လယ်စာ တူနာငါး ဒုတိယအများဆုံး ပြည်ပတင်ပို့



https://www.foodindustrydirectory.com.mm

တောင်ကိုရီးယားနိုင်ငံ ပင်လယ်ထွက်ပစ္စည်းတင်ပို့မှုတွင် ပင်လယ်ရေမှော်ခြောက်သည် အမြဲတစေ ပထမနေရာတွင်ရှိပြီး ဒုတိယနေရာတွင် တူနာငါးများ ရှိနေကျဖြစ်သည်။

၂၀၂၂ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ ပင်လယ်ထွက်ပစ္စည်း တင်ပို့မှုတွင်လည်း ပင်လယ်ရေမှော်ခြောက်က ပထမနေရာ၊ တူနာငါးက ဒုတိယနေရာ ဆက်လက်ထိန်းထားနိုင်ခဲ့သည်။ တတိယနေရာကို တောင်ဝင်ရိုးစွန်း 'ငါးသွား' antarctic toothfish က ရရှိသည်။

သမုဒ္ဒရာနှင့်ငါးလုပ်ငန်းဝန်ကြီးဌာန၏ ယာယီခန့်မှန်းချက်အရ တောင်ကိုရီးယားနိုင်ငံ၏ ပင်လယ်စာတင်ပို့မှုသည် ၂၀၂၂ ခုနှစ်တွင် တန်ဖိုး စုစုပေါင်း ကန်ဒေါ်လာ ၃.၁၆ ရှိခဲ့သည်။ ၂၀၂၁ ခုနှစ်ထက် ၁၁.၈% ပိုများပါသည်။ တောင်ကိုရီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် ပင်လယ်ရေမှော်ခြောက် ကန်ဒေါ်လာ ၆၅၅ သန်းဖိုး တင်ပို့ခဲ့သည်။ တူနာငါး ကန်ဒေါ်လာ ၆၀၂ သန်းဖိုး တင်ပို့ခဲ့သည်။ ငါးသွား ကန်ဒေါ်လာ သန်း ၉၀ ဖိုး တင်ပို့ခဲ့သည်။ တတိယနေရာကို ရရှိခဲ့ပြီး ပထမဆုံးအကြိမ် ရရှိခြင်းဖြစ်သည်။ ကမာကောင် ကန်ဒေါ်လာ သန်း ၈၀ ဖိုး တင်ပို့ခဲ့သည်။ စတုတ္ထနေရာ ရရှိသည်။ စားနိုင်သော ပင်လယ်ခရု ကန်ဒေါ်လာ ၆၅ သန်းဖိုး တင်ပို့ခဲ့သည်။ ပဉ္စမနေရာ ရရှိသည်။ ငါးသွား တင်ပို့မှုသည် တစ်နှစ်ထက်တစ်နှစ် မြင့်တက်ခဲ့သည်။

၂၀၂၀ ခုနှစ်တွင် ကန်ဒေါ်လာ ၃၀.၇ သန်းဖိုးတင်ပို့ခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် ကန်ဒေါ်လာ ၄၅.၂ သန်းဖိုး တင်ပို့ခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ကန်ဒေါ်လာ ၉၀.၈၀ သန်းဖိုးတင်ပို့ခဲ့သည်။ တန်ဖိုးပမာဏ ပိုများလာစေသည့် အကြောင်းရင်းတစ်ချက်မှာ ငါးသွားဈေးနှုန်းမြင့်တက်ခဲ့ခြင်းဖြစ်သည်။ တစ်ကီလိုဂရမ်ဈေးနှုန်းသည် ၂၀၂၁ ထက် ၂၀၂၂ တွင် ၄၉.၅% ပိုများလာပြီး ကန်ဒေါ်လာ ၃၀.၈ ဖြစ်လာသည်။ "အရသာကောင်းမွန်ပြီး အာဟာရဓာတ်ကြွယ်ဝတာကြောင့် ငါးသွားတွေကို ပြည်ပနိုင်ငံတွေမှာ ဈေးကြီးတဲ့အစားအစာအဖြစ် အသိအမှတ်ပြုခံရပါတယ်"ဟု သမုဒ္ဒရာနှင့်ငါးလုပ်ငန်း ဝန်ကြီးဌာနမှ အရာရှိ Park Seung-joon က ပြောသည်။ ငါးသွားများသည် ရေခဲနေအောင်အေးနေသည့် အန္တာတိကရှိ ပင်လယ်ထဲတွင် ကျက်စားကြသည်။ ရေအနက် မီတာ ၂,၀၀၀ တွင် နေထိုင်ကြသည်။ အလျား ၂.၃ မီတာအထိ ကြီးထွားသည်။ အလေးချိန် ကီလိုဂရမ် ၂၀၀ အထိ ရှိသည်။ သက်တမ်းမှာ နှစ် ၅၀ ဝန်းကျင်ဟု ခန့်မှန်းသည်။

ငါးသွားများသည် သဘာဝအတိုင်းတွင် ပရိုတင်းဓာတ်နှင့် အိုမီဂါ ၃ ကြွယ်ဝသည်။ အကြေးခွံလေးတွေကို အလွယ်တကူ ဖယ်ရှားနိုင်တာကြောင့် ချက်ပြုတ်ရလွယ်ကူပါသည်။ "ပင်လယ်အမဲသား" အဖြစ် တင်စားခေါ်ဝေါ်ကြသည်။ အမေရိကန်နှင့် ဂျပန်တို့တွင် ရေပန်းစားသည်။ အထူးသဖြင့် အမေရိကန်တွင် ချီလီပင်လယ်ကကတစ်ငါးဟု ဈေးကွက်တင်ပြီး ငါးကင်များ အဖြစ်ဖြင့် ရောင်းချကြသည်။

မျိုးသုဉ်းလုနီးပါးမျိုးစိတ်အဖြစ် အမျိုးအစားသတ်မှတ်ထားသည်။ ငါးဖမ်းခြင်းကို နွေရာသီတွင် ဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားခြင်း၊ ငါးဖမ်းသင်္ဘော အရွယ်အစားနှင့် ငါးဖမ်းပိုက်အကွက်များ၏ အရွယ်အစားကန့်သတ်ချက်များစသည့် စည်းမျဉ်းများ လိုက်နာရမည်ဖြစ်ပါသည်။

ငါးသွားကို တစ်ကမ္ဘာလုံး စားသုံးမှု၏ ၈၀ ရာခိုင်နှုန်းခန့်သည် တရားမဝင် ငါးဖမ်းခြင်းမှ ရရှိခြင်း ဖြစ်သည်ဟု ယူဆကြသည်။ ကမ္ဘာ့ငါးသွားဖမ်းမှု၏ လေးပုံတစ်ပုံခန့်မှာ ကိုရီးယားမှဖြစ်မည်ဟု သမုဒ္ဒရာနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနက ခန့်မှန်းထားသည်။ ကိုရီးယားကို တရားမဝင် ငါးဖမ်းသည့် နိုင်ငံများစာရင်းတွင် အမေရိကန်က ထည့်ထားဖူးသည်။ တရားမဝင်၊ အစီရင်မခံနှင့် စည်းကမ်းမလိုက်နာ မ (၃) လုံး ငါးဖမ်းခြင်း illegal, unreported and unregulated (IUU) fishing စာရင်းတွင် ကိုရီးယားကို ၂၀၁၃ နှင့် ၂၀၁၉ တို့တွင် ထည့်သွင်းခဲ့သည်။

ကိုရီးယားသည် အန္တာတိကတိုက်အနီးတွင် တရားမဝင် ငါးဖမ်းသင်္ဘောများလုပ်ကိုင်နေသည်ဟု အမေရိကန်က ပြောကြားခဲ့သည်။ ၂၀၁၃ တွင် စာရင်းဝင်နေခဲ့ရာမှ ၂၀၁၅ တွင် စာရင်းမှ နုတ်ပယ်ပေးခဲ့သည်။ တစ်ဖန် ၂၀၁၉ တွင် စာရင်းသွင်းခံရပြီး ၂၀၂၁ တွင် စာရင်းမှနုတ်ပယ်ပေးခဲ့ပြန်သည်။

IUU နိုင်ငံဖြစ်နေပါက အမေရိကန်ဈေးကွက်သို့ ရေထွက်စားသောက်ကုန်များ တင်ပို့ခွင့်မရှိချေ။ IUU နိုင်ငံမှ ရေထွက်ပစ္စည်းတင်ဆောင်ထားသည့်သင်္ဘောသည် အမေရိကန်ရှိဆိပ်ကမ်းသို့ လာရောက်ခွင့်မရချေ။

**Source: koreajoongandaily**

https://www.foodindustrydirectory.com.mm/food-industry/cuisine/korea/item/5615-korea-toothfish.html

## ချယ်ရီနှင့်ပင်လယ်စာ နှစ်သစ်ကူးအမီ Boeing 777F (၈) စီးဖြင့် ပို့ဆောင်



https://www.foodindustrydirectory.com.mm

နယူးဇီလန်နိုင်ငံမှ ချယ်ရီသီးများနှင့် ပင်လယ်စာများသည် တရုတ်နှစ်သစ်ကူးအတွက် ဈေးကွက်သို့ အချိန်မီ လတ်လတ်ဆတ်ဆတ်အရောက်ပို့ပေးနိုင်ရန် လေကြောင်းဖြင့် တိုင်ပေသို့ တိုက်ရိုက်ပို့ဆောင်နေသည်။

China Airlines မှ Boeing 777 ကုန်တင်လေယာဉ်များသည် ယခုလတွင် နယူးဇီလန်နိုင်ငံ ခရစ်ချပ် အပြည်ပြည်ဆိုင်ရာလေဆိပ် Christchurch International Airport (CHC) မှ လေကြောင်းကုန်စည်များကို ထိုင်ဝမ်မှ တိုင်ပေမြို့သို့ ခရီးစဉ် ၈ ခုဖြင့် ပို့ဆောင်ပေးသည်။

၎င်းလေကြောင်းခရီးစဉ်များတွင် တန်ဖိုးမြင့်စားသောက်ကုန် ပင်လယ်စာများဖြစ်သော ကမာကောင်များ၊ ပုဇွန်များ၊ အအေးခံထားသော ဆော်လမွန်များကို ချယ်ရီသီး လတ်လတ်ဆတ်ဆတ်များနှင့်အတူ ပို့ဆောင်ပေးရာ၌ စုစုပေါင်း အလေးချိန် ကီလိုဂရမ် ၈ သိန်းကျော်ရှိသည်။ ခရီးစဉ်တိုင်းတွင် နေရာလပ်ကို အခြားအထွေထွေကုန်စည်များ တင်ဆောင်မည်ဖြစ်သည်။

နယူးဇီလန်နိုင်ငံ South Island တွင် စိုက်ပျိုးဆွတ်ခူးသည့် ချယ်ရီသီးများသည် ပြည်တွင်းပြည်ပဈေးကွက်များတွင် ကျော်ကြားသည်။ ယခုနှစ် ချယ်ရီရာသီတွင် စုစုပေါင်းအလေးချိန် ကီလိုဂရမ် ၅ သန်းရရှိမည်ဟု ခန့်မှန်းထားသည်။ ဆွတ်ခူးပြီး ရက်ပိုင်းအတွင်း ပြည်ပဈေးကွက်ထဲသို့ အရောက်ပို့ပေးနိုင်ရန်နှင့် ချယ်ရီသီး ရောင်းအားအကောင်းဆုံးကာလဖြစ်သည့် တရုတ်နှစ်သစ်ကူးကာလကို ခါတော်မီ ပို့ပေးနိုင်ရန် လေကြောင်းကုန်စည်အနေဖြင့် တင်ပို့သည်။

တရုတ်နှစ်ကူးအကြိုကာလမှာ ဝယ်လိုအား မြင့်တက်လာပါသည်။ ယခုနှစ်တွင် ဇန်နဝါရီလ ၂၂ ရက်တွင် နှစ်သစ်ကူးပါသည်။ နှစ်သစ်ကူးနီးလာချိန်တွင် ပင်လယ်စာများ ဈေးခုန်တက်သဖြင့် လေကြောင်းဖြင့်တိုက်ရိုက်တင်ပို့ရန် တွက်ခြေကိုက်သဖြင့် လေကြောင်းကုန်စည်အနေဖြင့် တင်ပို့ခြင်းဖြစ်ပါသည်။

သို့ဖြစ်ရာ နယူးဇီလန်ရှိ Christchurch International Airport(CHC) မှ ချယ်ရီသီးများနှင့် ပင်လယ်စာများကို ထိုင်ဝမ်ရှိ Taipei Taoyuan International Airport (TPE) သို့ တစ်ရက်ခြား ဇန်နဝါရီလ ၂၂ ရက်အထိ ပျံသန်းပါသည်။ Air New Zealand ကလည်း Boeing 787 ခရီးသည်လေယာဉ် ၅ စီးကို ကုန်တင်လေယာဉ်များအဖြစ်အသုံးပြုပြီး အမေရိကန် လော့အိန်ဂျယ်လိစ်နှင့် အာရှနိုင်ငံအချို့တို့ထံ တစ်ပတ် ၅ ကြိမ် နောက်ထပ် ၃ လတိုင်တိုင် ပျံသန်းပေးနေပါသည်။

**Sources: Transport New Zealand**

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/5616-boeing-777f.html

## ဂျာမန်နိုင်ငံအစိုးရက တရုတ်နိုင်ငံသို့ ခရီးသွားရောက်ခြင်းကိုရှောင်ရှားရန်ထုတ်ပြန်

ဂျာမန်နိုင်ငံခြားရေးဝန်ကြီးဌာနက တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ဖြစ်ပွားနေမှုကြောင့် တရုတ်နိုင်ငံသို့ မလိုအပ်ဘဲခရီးသွားရောက်ခြင်းကို ရှောင်ရှားကြရန် ၇-၁-၂၀၂၃ ရက်နေ့က ထုတ်ပြန်ကြေညာလိုက်ပါသည်။ ဂျာမန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်တွင် တရုတ်နိုင်ငံ၌ ၂၀၂၀ ခုနှစ် အစောပိုင်းကာလ ကပ်ရောဂါစတင်ဖြစ်ပွားနေမှု ပုံစံမျိုးကဲ့သို့ တွေ့မြင်နေရကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ ဝန်ပိနေသည့်အနေအထားတွင် ရှိနေကြောင်း၊ တရုတ်နိုင်ငံမှဂျာမနီနိုင်ငံသို့ ဝင်ရောက်သည့်ခရီးသွားများအားလုံး ၉-၁-၂၀၂၃ ရက်နေ့မှစ၍ တရုတ်နိုင်ငံမှ မထွက်ခွာမီ (၄၈)နာရီအတွင်း စစ်ဆေးထားသည့် ကိုဗစ် ၁၉ Negative test ကိုင်ဆောင်လာရန်လိုအပ်ကြောင်း ရေးသားဖော်ပြထားကြောင်း သိရှိရပါသည်။

အခြားအီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ပြင်သစ်၊ စပိန်၊ အီတလီ၊ ဆွီဒင်နိုင်ငံများနှင့် အီးယူပြင်ပနိုင်ငံများ ဖြစ်ကြသည့် အမေရိကန်၊ ကနေဒါ၊ ယူနိုက်တက်ကင်းဒမ်း၊ ဂျပန်၊ တောင်ကိုးရီးယား၊ အိန္ဒိယနိုင်ငံတို့တွင်လည်း တရုတ်နိုင်ငံမှ ဝင်ရောက်သည့် ခရီးသွားများအားလုံး ကိုဗစ်-၁၉ရောဂါ စစ်ဆေးထားမှုများ ယူဆောင်လာရန် ထုတ်ပြန်ထားကြကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကန့်သတ်ထိန်းချုပ်မှုများ ဖြေလျှော့ပေးခဲ့ပြီး နောက်ပိုင်း ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလအစောပိုင်းမှစ၍ ကူးစက်မှုနှုန်းများမြင့်တက်လာခြင်းဖြစ်ပြီး ၉-၁-၂၀၂၃ ရက်နေ့အထိ ကူးစက်ခံရသူ စုစုပေါင်း (၁၁၈၉၇၇)ဦးရှိကြောင်း သိရှိရပါသည်။

**Source:https://www.dw.com/en/germany-advises-against-nonessential-travel-to-china-amid-covid-surge/a-64313466**

**https://www.auswaertiges-amt.de/de/ReiseUndSicherheit/chinasicherheit/200466**

**https://www.worldometers.info/coronavirus/country/china/**

**(မြန်မာစီးပွားရေးသံမှူး၊ ဘာလင်မြို့)**

https://myantrade.gov.mm/article/%E1%80%82%E1%80%BB%E1%80%AC%E1%80%99%E1%80%94%E1

## ဗီဇာသက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက် ၆၀ မကျန်ရှိသည့် ဗီဇာသက်တမ်းတိုးလျှောက်ထားမှုများကို ထောက်ခံချက်ထုတ်ပေးမည်မဟုတ်ကြောင်း DICA ကြေညာ

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် နိုင်ငံခြားသားများ ဗီဇာသက်တမ်းတိုး ထောက်ခံချက်ရရှိရေး အတွက် ကြေညာချက်တွင် ဗီဇာသက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက် ၆၀ မကျန်ရှိသည့် လျှောက်ထားမှုများကို ဗီဇာ သက်တမ်းတိုးထောက်ခံချက် ထုတ်ပေးမည်မဟုတ်ကြောင်း ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန် ကြားမှုဦးစီးဌာန (DICA) က ကြေညာထားသည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် "ကုမ္ပဏီများမှ ဗီဇာသက်တမ်းတိုးထောက်ခံချက် ရယူလိုသည့် နိုင်ငံခြားသားများ အနေဖြင့် ၎င်းတို့၏ဗီဇာသက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက် ၆၀ ကြိုတင်လျှောက်ထားရမည်"ဟု ကြေညာခဲ့သည်။

ယခုအခါ ဗီဇာသက်တမ်း မကုန်ဆုံးမီ အနည်းဆုံးရက် ၆၀ မကျန်ရှိဘဲ တင်ပြလျှောက်ထားမှုများရှိသည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်ရာ ကုမ္ပဏီများမှ ဗီဇာသက်တမ်းတိုး ထောက်ခံချက်ရယူလိုသည့် နိုင်ငံခြားသားများအနေဖြင့် ၎င်းတို့၏ ဗီဇာသက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက် ၆၀ ကြိုတင်လျှောက်ထားကြရန် ထပ်မံအသိပေး ကြေညာထားသည်။ ဗီဇာ သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက် ၆၀ မကျန်ရှိသော လျှောက်ထားမှုများကို လုံး၀(လုံး၀)ဆောင်ရွက်ပေးမည် မဟုတ်ကြောင်းလည်း ဖော်ပြထားသည်။

**Source:** https://news-eleven.com/article/242988

## မုံရွာကုန်စည်ဒိုင်တွင် အရောင်းအ၀ယ်ဖြစ်နေသော ဆီထွက်သီးနှံများ၏ ဈေးနှုန်း၊ ဈေးကွက်အခြေအနေ

မုံရွာကုန်စည်ဒိုင်၌ အရောင်းအ၀ယ်ဖြစ်လျက်ရှိသည့် ဆီထွက်သီးနှံများ၏ ဈေးကွက်အခြေအနေမှာ မြေပဲလုံးဆန်ဈေး များနှင့် နှမ်းသီးနှံပေါက်ဈေးမှာ မြင့်တက်နေပါသည်။ ယခုတစ်ပတ်အတွင်း နှမ်းဖြူတစ်တင်းလျှင် (၉၇၀၀၀) ကျပ်၊ နှမ်းနက် တစ်တင်းလျှင် (၉၀၀၀၀-၇၅၀၀၀)ကျပ်၊ နှမ်းညိုတစ်တင်းလျှင် (၇၄၀၀၀)ကျပ်ရှိပြီး ယခင်အပတ်ကာလတူအချိန် ပေါက်ဈေးနှုန်းများမှာ နှမ်းဖြူတစ်တင်းလျှင် (၈၇၅၀၀-၈၆၅၀၀) ကျပ်၊ နှမ်းနက်တစ်တင်းလျှင် (၈၄၀၀၀-၇၀၀၀၀) ကျပ်၊ နှမ်းညိုတစ်တင်းလျှင် (၇၂၀၀၀)ကျပ်ရှိကာ အ၀င်နည်းခြင်း၊ လောင်လက်များ အဆွဲများခြင်းကြောင့် ယခုတစ်ပတ် ကာလတူနှင့်နှိုင်းယှဉ်ပါက နှမ်းဈေးများမြင့်တက်လာကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း မုံရွာကုန်စည်ဒိုင်၏ မြေပဲလုံးဆန်ပေါက်ဈေးနှုန်းနှင့်ဆီဈေးနှုန်းများမှာ လုံးဆန်ဖြူတစ်ပိဿာ (၅၄၀၀-၅၅၀၀)ကျပ်၊ ဆီဆန်ဖြူတစ်ပိဿာ (၅၁၅၀)ကျပ်ရှိပြီး ယခင်အပတ် ကာလတူအချိန် ပေါက်ဈေးနှုန်းများမှာ

လုံးဆန်ဖြူတစ်ပိဿာ (၅၂၀၀)ကျပ်၊ ဆီဆန်ဖြူတစ်ပိဿာ (၄၈၀၀)ကျပ်ရှိ၍ ယခင်တစ်ပတ်ကာလတူအချိန် ပေါက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက မြေပဲလုံးဆန်ဖြူ ဆီဆန်ဖြူဈေးနှုန်းများ အနည်းငယ်မြင့်တက်နေကြောင်းသိရသည်။ ဇန်နဝါရီလ ပထမအပတ်အတွင်း ဆီဈေးနှုန်းမှာ ပဲဆီတစ်ပိဿာ ၁၁၀၀၀ ကျပ်မှ ၁၀၀၀၀ ကျပ်ထိ၊ နှမ်းဆီတစ်ပိဿာ ၁၀၅၀၀ကျပ်မှ ၁၀၀၀၀ကျပ်ထိ ပေါက်ဈေးရှိကြောင်းသိရသည်။

**Source: ဇေယျာကုန်သွယ်မှုဗဟိုဌာန**

## STOCK EXCHANGE (13.1.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 13th Jan. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 738 (Shares) | 4,127,600 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +100 | +1.14% | 8,800 | 8,900 | 8,800 | 204 | 1,810,600 | 33,109,694 | 294,676 |
| MTSH | 00002 | 3,350 | +0 | +0.00% | 3,300 | 3,350 | 3,300 | 204 | 674,850 | 38,929,150 | 130,413 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 19 | 142,500 | 10,400,986 | 78,008 |
| FPB | 00004 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,850 | 0 | 0 | 24,720,530 | 45,733 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 12,823,224 | 33,982 |
| EFR | 00006 | 2,650 | -50 | -1.85% | 2,700 | 2,700 | 2,650 | 11 | 29,650 | 19,977,223 | 52,940 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 300 | 1,470,000 | 10,497,598 | 51,438 |

### Market summary

As of 13th Jan. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 395.02 | +1.33 | +0.34% | 392.57 | 395.02 | 392.57 | 738 | 4,127,600 | 7 | 687,190 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 13th Jan. 2023

| Trading Volume | Trading Value |
|---|---|
| 738 (Shares) | 4,127,600 (MMK) |

### Main Board

As of 1:00 pm, 13th Jan. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 738 (Shares) | 4,127,600 (MMK) |

| MYANPIX | 395.02 ▲ 1.33 |
|---|---|
| Total Volume (shares) | 738 |
| Total Value (MMK) | 4 mil |
| Listed Company | 7 |
| Market Cap. (MMK) | 687,190 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 100 |
| MTSH | 00002 | 3,350 | ▲ 0 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,850 | - - |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 2,650 | ▼ 50 |
| AMATA | 00007 | 4,900 | ▲ 0 |